# အဆိုပြုတင်သွင်းထားသော ထိုင်းနိုင်ငံ၏ ငါးဖမ်းဥပဒေသည် မြန်မာလုပ်သားများအား အန္တရာယ်တွင်းထဲသို့ တွန်းပို့လျက်ရှိ

ဤဥပဒေမူကြမ်းသည် ငါးဖမ်းသင်္ဘောများအား ဖမ်းဆီးရရှိသော ငါးများနှင့် အလုပ်သမားများကို လွှဲပြောင်းလဲလှယ်ခွင့်ပေးပြီး အလုပ်သမားများကို ပင်လယ်ပြင်တွင် အချိန်ကြာမြင့်စွာ လုပ်ကိုင်စေမည်ဖြစ်သည်။

**RFA အထူးထုတ်**

၁၅.၀၂.၂၀၂၄



**၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့ မနက်အစောပိုင်းတွင် ထိုင်းနိုင်ငံ၊ ရနောင်းမြို့ရှိ ဆိပ်ခံတံတားပေါ်၌ မြန်မာမှ အလုပ်သမားများသည် ပင်လယ်စာများကို ခွဲထည့်နေခြင်း။ (RFA)**

ထိုင်းနိုင်ငံ တောင်ပိုင်းရှိ ရေပင်လယ်ထဲတွင် ၁၄ နှစ်ကြာ လုပ်ကိုင်ခဲ့သော မြန်မာတံငါသည် အောင်အောင်သည် ထိုင်းငါးဖမ်းလုပ်ငန်းနယ်ပယ်အတွက် အလားအလာရှိသော တရားဥပဒေ ပြန်လည်ပြင်ဆင်မှုကြောင့် မရေရာသော အနာဂတ်နှင့် ရင်ဆိုင်နေရပေသည်။

ဥပဒေအသစ်များ အတည်ပြုအံ့ဆဲဆဲရှိနေသည့် အခြေအနေကြောင့် ယခင်က သူကြုံတွေ့ခဲ့ရဖူးသလို တံငါသည်များကို ပင်လယ်ပြင်တွင် လပေါင်းများစွာ လုပ်ကိုင်စေမည်ကို စိုးရိမ်မိကြောင်း အသက် ၃၃ နှစ်အရွယ်ရှိ အောင်အောင်က ပြောကြားခဲ့သည်။

လွန်ခဲ့တဲ့ သုံးလေးနှစ် မတိုင်ခင်က "ကျွန်တော်တို့ လှေတွေမှာ ငါးတွေပြည့်လာတဲ့အခါ သယ်ယူပို့ဆောင်ရေးလှေတွေဆီကို ငါးတွေပေးလိုက်ရပြီး အလုပ်သမားတွေက ကမ်းပေါ် ပြန်တက်စရာ မလိုဘဲ ပင်လယ်ထဲမှာပဲ နေနေခဲ့ရတယ်" ဟု အောင်အောင်က ဆိုသည်။

"အဲဒီကာလတွေအတွင်း ပင်လယ်ပြင်မှာ ကျွန်တော်တို့ အကြာကြီးနေနေရရင် အစားအသောက်နဲ့ ဆေးဝါးပြတ်လပ်တာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှု မရှိတာတွေ၊ စိတ်ဖိစီးတာတွေနဲ့ စိတ်ဓာတ်ကျတာတွေစတဲ့ အခက်အခဲများစွာကို ကြုံတွေ့ခဲ့ရပါတယ်" ဟု ယင်းက ဆက်ပြောသည်။

တစ်ချိန်က ၎င်း၏ ငါးဖမ်းသင်္ဘောများပေါ် ရှိ ရွှေ့ပြောင်းလုပ်သားများကို ကျွန်ကဲ့သို့ ခိုင်းစေခြင်းကြောင့် နာမည်ဆိုးဖြင့်ကျော်ကြားသော ထိုင်းနိုင်ငံသည် စည်းကမ်းမဲ့ငါးဖမ်းခြင်းနှင့် ငါးဖမ်းသင်္ဘောများပေါ် ရှိ အလုပ်သမားများအပေါ် ရက်စက်စွာ ဆက်ဆံခြင်းတို့ကို ပပျောက်စေရန်အတွက် ၂၀၁၅ ခုနှစ်တွင် ငါးဖမ်းလုပ်ငန်းအတွက် တော်ဝင်အမိန့်တော် (Royal Ordinance on Fisheries) ဖြင့် ၎င်း၏ပုံရိပ်ကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းခဲ့သည်။

သို့သော်လည်း အသစ်ရွေးချယ်တင်မြှောက်ခံရသော ဖွေထိုင်းအစိုးရ၏ အဆိုပါ တင်းကြပ်သော အစီအမံများကို ပြေလျော့စေရန် ကြိုးပမ်းမှုသည် အလုပ်သမားများ၏

အခွင့်အရေးများကို ကာကွယ်ပေးသည့် ဤတိုးတက်မှုအဆင့်များကို အသုံးမဝင်ဖြစ်စေမည့်အပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့သည်။



**ဤပုံတွင် ပြထားသည့် ၂၀၂၂ ခုနှစ်၊ မေလ၌ ထိုင်းနိုင်ငံ၊ ရနောင်းကမ်းရိုးတန်းတွင် ငါးဖမ်းနေသည့် ငါးဖမ်းသင်္ဘောမျိုးတွင် ပင်လယ်ပြင်အတွင်း ၁၅ ရက်ကြာ ငါးဖမ်းပြီးနောက် စားနပ်ရိက္ခာပြတ်တောက်သွားခြင်းမှာ ပုံမှန်ဖြစ်သည်။ (RFA)**

လွန်ခဲ့သည့် ဖေဖော်ဝါရီလမှစ၍ အသစ်တက်လာသော အစိုးရသည် နိုင်ငံ၏ ငါးဖမ်းလုပ်သားဥပဒေများအား ပြင်ဆင်ရန် မူကြမ်း ၃ ခုကို အဆိုပြုတင်သွင်းခဲ့ပြီး သင်္ဘောပိုင်ရှင်များနှင့် စီးပွားရေးလုပ်ငန်းများက လက်ရှိဥပဒေများသည် မျှတမှုမရှိစွာ တင်းကျပ်ပြီး ၎င်းတို့၏ အမြတ်အစွန်းများကို ထိခိုက်စေသည်ဟု ထင်မြင်ကြောင်း အကြောင်းပြခဲ့သည်။

ဒီဇင်ဘာလတွင် အဆိုပြုတင်သွင်းခဲ့သော နောက်ဆုံးမူကြမ်းအရ ငါးဖမ်းသင်္ဘောများသည် ပင်လယ်ပြင်တွင် ရေလုပ်သားများနှင့် ဖမ်းဆီးရရှိသော

ငါးများအား နောက်သဘော်များပေါ် လွှဲပြောင်းခြင်းကို "အရေးပေါ်အခြေအနေများ၌" နှင့် အချို့သောကန့်သတ်ချက်များဖြင့် လုပ်ခွင့်ရှိပါသည်၊ ယင်းမှာ လူကုန်ကူးခံရသည့် တံငါသည်များကို ပင်လယ်ပြင်တွင် အချိန်ကြာမြင့်စွာ ထိန်းသိမ်းခံရစေမှုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်သောကြောင့် အလုပ်သမားရေးရာ တက်ကြွလှုပ်ရှားသူများက ပြင်းပြင်းထန်ထန်ဆန့်ကျင်ဆဲဖြစ်သော အလေ့အကျင့်တစ်ခုဖြစ်ပါသည်။

## ‘ပို၍ မရေမရာဖြစ်လာခြင်း’

ရနောင်းမြို့အခြေစိုက် မြန်မာတံငါသည်တစ်ဦးလည်းဖြစ်သည့် တံငါသည်များ၏ အခွင့်အရေးများဆိုင်ရာ ကွန်ရက် ဥက္ကဋ္ဌ ဦးရဲသွေးက ဤဥပဒေမူကြမ်းသည် ထိုင်းနိုင်ငံက ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော အခြားအလုပ်သမားကာကွယ်ရေး မူဝါဒများကို ဆုတ်လျော့စေနိုင်ကြောင်း ပြောခဲ့သည်။

"ကြီးကြပ်စောင့်ကြည့်မှု လျော့နည်းလာတဲ့အခါ ရွှေ့ပြောင်းတံငါသည်တွေအနေနဲ့ လုပ်ချိန်ပိုများများ လုပ်ရပြီး လုပ်ခပိုနည်းနည်း ရတာတွေ၊ စံသတ်မှတ်ချက်ထက် နိမ့်ပါးတဲ့ အခြေအနေတွေမှာ နေထိုင်ရတာတွေကို တွေ့ကြုံခံစားရနိုင်ခြေကို သိသိသာသာ တိုးတက်စေတဲ့ ခန့်မှန်းလို့မရတဲ့ နေရာတစ်ခုမှာ ကျရောက်သွားမှာဖြစ်ပြီး ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခြေအနေဆိုးကို ဒီထက်မက ဆိုးရွားသွားစေပါတယ်" ဟု ၎င်းက ဆိုသည်။

သို့သော် ထိုင်းနိုင်ငံ၏ အမျိုးသားငါးဖမ်းလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ Mongkol Sukcharoenkana ကမူ ထိုကဲ့သို့ မမြင်ပေ။

“ပင်လယ်ပြင်မှာ အလုပ်သမားလွှဲပြောင်းတဲ့ ဥပဒေကို အလုပ်သမား ဖျားနာတာမျိုး ဒါမှမဟုတ် သဘော်ပေါ်မှာ မတော်တဆဖြစ်တာမျိုး စတဲ့ အရေးပေါ်ကိစ္စတွေအတွက် ရေးဆွဲထားရတာဖြစ်ပါတယ်။ အလုပ်သမားရေးရာ ပြဿနာတွေ ရှိလာတဲ့အခါ ကျွန်တော်တို့ဟာ [ဆိပ်ကမ်းအဝင်အထွက်] စင်တာကို တိုင်ကြားနိုင်ပြီး ထွက်ခွာဖို့

နည်းလမ်းတစ်ခု ရှိသင့်ပါတယ်” ဟု ၎င်းက ပြောကြားပြီး ယခင်က “အကျင့်ပျက်ပုဂ္ဂိုလ်” အချို့ကြောင့် လူတိုင်းကို ဒုက္ခရောက်စေသော စည်းမျဉ်းများကို ဖန်တီးခဲ့ကြောင်း ဆိုသည်။

"တူညီတဲ့ အော်ပရေတာအောက်မှာရှိတဲ့ သင်္ဘောနှစ်စင်းကြား [အလုပ်သမား] တွေ လဲလှယ်နိုင်အောင် ကျွန်တော်တို့ လုပ်လိုပေမဲ့ ဒါက ဖြစ်လာမယ်လို့တော့ အသေအချာမပြောနိုင်ပါဘူး" ဟု ၎င်းက ဆက်ပြောသည်။

ထိုင်းနိုင်ငံ၏ အမျိုးသားငါးဖမ်းလုပ်ငန်းအဖွဲ့သည် လက်ရှိ အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်ကို ဖျက်သိမ်းကာ ငွေသားဖြင့် နေ့စဉ်ငွေပေးချေမှုစနစ်ကို ပြန်ကျင့်သုံးရန် အောက်တိုဘာလတွင် အကြံပြုခဲ့သည်။

တံငါသည်များသည် ဥပဒေအရ တစ်လလျှင် ၂၂ ရက်သာ အလုပ်လုပ်နိုင်သောကြောင့် ၎င်းတို့အား တစ်လစာ အပြည့်ပေးဆောင်ခြင်းသည် တရားမျှတမှုမရှိဟု Sukcharoenkana က Radio Free Asia သို့ပြောသည်။



**၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့ မနက်အစောပိုင်းတွင် ထိုင်းနိုင်ငံ၊ ရနောင်းမြို့ရှိ ဆိပ်ခံတံတားပေါ်၌ မြန်မာမှ အလုပ်သမားများသည် ပင်လယ်စာများကို ခွဲထည့်နေခြင်း။ (RFA)**

သို့သော် ငွေသားဖြင့် ငွေပေးချေမှုစနစ်တွင် စည်းမျဉ်းထိန်းမှု သို့မဟုတ် စိစစ်မှုတို့ မလုပ်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင် တရားမျှတရေးဖောင်ဒေးရှင်း (Environmental Justice Foundation) မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒါရိုက်တာ Dominic Thomson က ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ငါးဖမ်းလုပ်ငန်းနယ်ပယ်ကို စောင့်ကြည့်ဖို့အားပေးမှုမရှိဘဲ ဒီအတိုင်းလွှတ်ထားပေးလိုက်ရင် ဘယ်လောက်ထိဆိုးရွားသွားနိုင်လဲဆိုတာ မြင်တွေ့ဖူးတာဖြစ်တဲ့အတွက် ဒါဟာ ကျွန်တော်တို့အတွက် အတော်စိုးရိမ်ရတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်" ဟု Thomson မှ ပြောကြားခဲ့သည်။

“ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းနယ်ပယ်အပေါ် အသွင်ပြောင်းစည်းမျဉ်းနဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေဟာ ဘယ်လိုသက်ရောက်နိုင်တယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ပြီးပါပြီ။ စီးပွားရေးသမားတွေသာ သူတို့လိုချင်တာရသွားခဲ့ရင် အရင်လမ်း ပြန်လျှောက်တော့မှာကို မြင်နေရပါတယ်။"

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ဧည့်ဝတ်ပြုရေးကဏ္ဍများတွင် အရေအတွက်များစွာရှိပြီး ငါးဖမ်းလုပ်ငန်းရှိ အလုပ်သမားများ၏ ၇၀ ရာခိုင်နှုန်းခန့်သည် မြန်မာမှ ဖြစ်ပါသည်။

ထိုင်းအစိုးရအဖွဲ့သည် နိုင်ငံ၏ ငါးဖမ်းဥပဒေအား ပြင်ဆင်ရန် ဇန်နဝါရီလ ၃၀ ရက်နေ့က မဲခွဲဆုံးဖြတ်ခဲ့ပြီး လွှတ်တော်အနေဖြင့် လာမည့်နှစ်လအတွင်း ပြင်ဆင်မှုမ်းမံထားသော မူကြမ်းအား ပြန်လည်သုံးသပ်ရန် ဥပဒေရေးဆွဲသူများက မျှော်လင့်ထားသည်။

**ခေါင်းပုံဖြတ်ခံရခြင်း**

၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့သော အကာအကွယ်များ ပေးထားသည့်တိုင် တံငါသည်များနှင့် တက်ကြွလှုပ်ရှားသူများက လုပ်သားများ ခေါင်းပုံဖြတ်မခံရစေရန် ငါးဖမ်းလုပ်ငန်းအား ဤထက်မက ပိုမိုကြီးကြပ်ရန် လိုအပ်နေသေးကြောင်း ဆိုသည်။

ဥပဒေအရ တံငါသည်များအား ၎င်းတို့၏ ဘဏ်အကောင့်မှတစ်ဆင့် လုပ်ခပေးရန် လိုအပ်သော်လည်း ဇန်နဝါရီလ ၂၅ ရက်နေ့ အစီရင်ခံစာအရ စစ်တမ်းကောက်ယူထားသော တံငါသည် ၉၉ ရာခိုင်နှုန်းကျော်အား ထိုကဲ့သို့ ငွေပေးချေခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ တံငါသည်များ၏ အခွင့်အရေးများဆိုင်ရာ ကွန်ရက် စီစဉ်သူများမှ လူကိုယ်တိုင်မေးမြန်းသော စစ်တမ်းများကို ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် ခုနစ်ပတ်ကြာ ဆောင်ရွက်ခဲ့ပြီး ထိုင်းနိုင်ငံရှိ ဆိပ်ကမ်း ၁၅ ခုမှ တံငါသည် ၁၀၀၀ ကျော် ပါဝင်ဖြေဆိုခဲ့သည်။

ထို့ပြင် တံငါသည် ၈၃ ရာခိုင်နှုန်းကျော်သည် ဘဏ်ကတ်များနှင့် စာအုပ်များ အပါအဝင် ၎င်းတို့၏ အထောက်အထားပြ စာရွက်စာတမ်းများကို လက်ဝယ်ပိုင်ဆိုင်ခြင်းမရှိဘဲ ၎င်းတို့၏ သူဌေးများက သိမ်းဆည်းထားခြင်းကို ခံရလေသည်။




**၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့ မနက်အစောပိုင်းတွင် ထိုင်းနိုင်ငံ၊ ရနောင်းမြို့ရှိ ဆိပ်ခံတံတားပေါ်၌ တံငါသည်များနှင့် ပင်လယ်စာလုပ်သားများမှ ငါးများကို ထုတ်၍ စီနေခြင်း။ (RFA)**

ထိုတင်မကသေး၊ တံငါသည်များသည် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားစေကာမူ စားနပ်ရိက္ခာနှင့် ထောက်ပံ့ရေး ပြတ်တောက်မှုများကို မကြာခဏ ကြုံတွေ့နေရသည်။ တစ်လကြာ ငါးဖမ်းထွက်မှုတွင် လဝက်အတွင်း ငါးဖမ်းသင်္ဘောများ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ စားနပ်ရိက္ခာပြတ်လပ်သွားကြောင်း အောင်အောင်က ခန့်မှန်းသည်။

"ကျွန်တော်တို့ကို ပင်လယ်မှာ တစ်လတာဝန်ချထားရန် သင်္ဘောပိုင်ရှင်တော်တော်များများက ၁၅ ရက်စာထက်ပိုပြီး ရိက္ခာမပေးဘူး။ အဲ့ထက်ပိုမရဘူး" ဟု ပြောသည်။

“၁၅ ရက်မြောက်နေ့နောက်ပိုင်း ကျွန်တော်တို့မှာ စားစရာမရှိတော့ဘူး။ တစ်ခါတလေ ငါးလုံးလုံလောက်လောက် မဖမ်းမိလို့ ပင်လယ်ထဲမှာ ကြာကြာနေခဲ့ရပေမဲ့ စားစရာမပြောနဲ့ ဆားတောင် မရဘူး။ အဝါရောင် တူနာငါးတွေကို ပြုတ်စားရပါတယ်။"

***Taejun Kang နှင့် Malcolm Foster မှ တည်းဖြတ်သည်။***